ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း - ၀၆၇ - ၄၁၀၀၁၂၂၊ ၄၁၀၂၅၄၊ ၄၁၀၈၆၄၊ ဖက်(စ်) - ၀၆၇ - ၄၁၀၅၆၅၊ အီးမေးလ် - fid34@fidmyanmar.com ၊ insurance.fid@gmail.com

## ညွှန်ကြားလွှာ

အမှတ် (၆/၂၀၁၇)
နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နယုန်လဆုတ် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

## ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ Treasury Bond နှင့် Treasury Bill ဝယ်ယူရေးကိစ္စ

၁။ ပုဂ္ဂလိက အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် နည်းဥပဒေများ အခန်း(၄)၊ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ (ခ) အရ ၎င်းတို့ လုပ်ကိုင်ခွင့်ရရှိသည့် အာမခံလုပ်ငန်း အမျိုးအစား အလိုက် ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ၃၀ ရာခိုင်နှုန်းနှင့်ညီမျှသော တန်ဖိုးငွေကို အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့အမည်နှင့် ပူးတွဲ၍ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူရမည်ဖြစ်သည်။

၂။ ထိုသို့ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များကို သတ်မှတ်ရာခိုင်နှုန်း အတိုင်း အဆင်ပြေ ချောမွေ့စွာ အပြည့်အဝ ဝယ်ယူနိုင်ရေးအတွက် ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာန အကြီးအကဲများသည် ၈-၂-၂၀၁၇ ရက်နေ့တွင် ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီးနောက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့သည် ၁၆-၂-၂၀၁၇ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် (၁/၂၀၁၇) ဖြင့်လည်းကောင်း၊ ၁၁-၄-၂၀၁၇ ရက်စွဲပါ ညွှန်ကြားလွှာ အမှတ် ၃/၂၀၁၇ ဖြင့် လည်းကောင်း အကြိမ်ကြိမ် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သော်လည်း တချို့သော ပုဂ္ဂလိက အာမခံ ကုမ္ပဏီများသည် လိုက်နာရန် ပျက်ကွက်နေကြောင်း စိစစ် တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ နောက်ဆက်တွဲ (က) နှင့် (ခ) ပါအာမခံကုမ္ပဏီများသည် လိုအပ်သော အစိုးရငွေတိုက်စာချုပ်ကို အပြည့်အဝ ဝယ်ယူခြင်းမရှိပါက အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၁၇ အရ အရေးယူ ခံရနိုင်ဖွယ် ရှိပါကြောင်းနှင့် ၂၀-၆-၂၀၁၇ ရက် (အင်္ဂါနေ့) တွင် ကျင်းပမည့် အစိုးရငွေတိုက်စာချုပ် လေလံပွဲ၌ ကုမ္ပဏီအလိုက် ဝယ်ယူရန် ကျန်ပမာဏများကို အချိန်နှင့် တပြေးညီ အပြီးသတ် ဝယ်ယူသွားကြရန် ထပ်မံ ညွှန်ကြားလိုက်သည်။

13-6-2017

ဥက္ကဋ္ဌ(ကိုယ်စား)
(မြင့်ဦး၊ အတွင်းရေးမှူး)

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

စာအမှတ်၊ FRD/IBRB ( ၁၅၉ /၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇွန်လ ၁၃ ရက်

မိတ္တူကို

- ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
  စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

  သိသာပါရန် တင်ပြအပ်ပါသည်။

- ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန
- ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့စီးပွားရေးဘဏ်
- အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များ
- ရုံးလက်ခံ

နောက်ဆက်တွဲ(က)

## Treasury Bond နှင့် Treasury Bill အပြည့်အဝ ဝယ်ယူရန် ပျက်ကွက်လျက်ရှိသည့် အာမခံကုမ္ပဏီ စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဝယ်ယူသည့် ဘဏ် | ဝယ်ယူသည့် ရက်စွဲ | သက်တမ်း ကုန်မည့် ရက်စွဲ | သက်တမ်း (နှစ်) | Bid % | ဝယ်ယူပြီး သည့် တန်ဖိုး (ကျပ်သန်း) | ဝယ်ယူသည့် တန်ဖိုး စုစုပေါင်း (ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| ၁ | Grand Guardian Insurance Public Co., Ltd | MSEC | ၁၅-၁-၂၀၁၇ | ၂၄-၄-၂၀၂၀ | ၃ နှစ်၊ ၃ လ၊ ၅ ရက် | ၉.၄ % | ၅,၈၀၀ | ၇,၈၀၀ | ၃၀% ပြည့်ရန် ကျပ်သန်း ၆,၀၀၀ ထပ်မံ ဝယ်ယူရန်။ ၂၀-၆-၂၀၁၇ ရက်နေ့ (အင်္ဂါနေ့)တွင်ကျင်းပမည့် အစိုးရ ငွေတိုက်စာချုပ် လေလံပွဲ၌ အပြည့်အဝ ဝယ်ယူသွားရန်နှင့် ဝယ်ယူပြီးစီးမှု အခြေအနေအား IBRB အတွင်းရေးမှူး ရုံးသို့ အချိန်နှင့် တပြေးညီ မပျက်မကွက် တင်ပြပေးရန်။ |
| | | မစဘ ဘဏ်ခွဲ(၄) | ၂၃-၂-၂၀၁၇ | ၁၅-၅-၂၀၂၀ | ၃ နှစ်၊ ၂ လ၊ ၂၂ ရက် | ၉.၅ % | ၂,၀၀၀ | | |

နောက်ဆက်တွဲ(ခ)

Treasury Bond နှင့် Treasury Bill ဝယ်ယူရန် လုံးဝ ပျက်ကွက်လျက်ရှိသည့် အာမခံကုမ္ပဏီ (၃) ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဝယ်ယူရမည့်တန်ဖိုး<br>မတည်ရင်းနှီးငွေ၏<br>၃၀ %<br>(ကျပ်သန်းပေါင်း) | မှတ်ချက် |
|---|---|---|---|
| ၁ | Global World Insurance Company Limited | ၁၃,၈၀၀ | မြန်မာ့စီးပွားရေးဘဏ်တွင် Bid တင်ပြီး Non-competitive Rate ဖြင့် ၂၀-၆-၂၀၁၇ ရက်နေ့ (အင်္ဂါနေ့) တွင် ကျင်းပမည့် အစိုးရ ငွေတိုက်စာချုပ်လေလံပွဲ၌ ၎င်းတို့ ဝယ်ယူရမည့် ပမာဏအတိုင်း အပြည့်အဝ ဝယ်ယူသွားကြရန်နှင့် ဝယ်ယူ ပြီးစီးမှု အခြေအနေအား အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးရုံးသို့ အချိန်နှင့် တပြေးညီ မပျက်မကွက် (မပျက်မကွက်) တင်ပြပေးရန်။ |
| ၂ | Young Insurance Global Co., Ltd | ၁၃,၈၀၀ | ။ |
| ၃ | Excellent Fortune Insurance Co., Ltd | ၁,၈၀၀ | ။ |